# ဇန်နဝါရီလ ၂၀၁၈ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူ ၂၂၉ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၅ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၁ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၃၃ ဦးသည် ထောင်ပြင်ပမှနေ၍ တရား ရင်ဆိုင်နေရသည်။




ဓာတ်ပုံ ဧရာဝတီ
ဇန်နဝါရီလ ၂၀၁၈ ခုနှစ်

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အေအေပီပီ၏အင်တာနက်စာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

အေအေပီပီ၏တွစ်တာစာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

# တစ်လအတွင်းသုံးသပ်ချက်

ဇန်နဝါရီလအတွင်းတွင် စုစုပေါင်း ၁၁ ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့မှာ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ၁၅၃ တို့ဖြင့် နှစ်ဦး၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် ကိုးဦးတို့ဖြစ်ကြပြီး ထိုကိုးဦးထဲမှ တစ်ဦးသည် နိုင်ငံတော် အလံ အက်ဥပဒေ ပုဒ်မ ၆ ဖြင့်ပါ အမှုဖွင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဇန်နဝါရီလအတွင်းတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေဖြင့် နှစ်ဦး၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ၁၅၃ တို့ဖြင့် ခြောက်ဦး၊ ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၉ ဖြင့် ငါးဦးတို့အပါအဝင် ၁၃ ဦး အမှုဖွင့်၊ တရားစွဲဆိုခြင်းခံခဲ့ရသည်။ ထို ၁၃ ဦးထဲမှ တစ်ဦးသည် နိုင်ငံတော်အလံ အက်ဥပဒေ ပုဒ်မ ၆ ဖြင့်လည်း တရားစွဲဆိုခြင်း ခံထားရသည်။ ဇန်နဝါရီလတွင်း ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၉ ဖြင့် တက်ကြွ လှုပ်ရှားသူ ရှစ်ဦး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် ဇန်နဝါရီလအတွင်း စုစုပေါင်း ၁၃ ဦး လွတ်မြောက်ခဲ့သည်။ ၎င်းတို့မှာ မတရားအသင်း အက်ဥပဒေ၊ ၁၇(၁) ဖြင့် ငါးဦးနှင့် ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၉ ဖြင့် ရှစ်ဦးတို့ ဖြစ်ကြသည်။ နိုင်ငံရေးအကျဉ်းသား ခုနစ်ဦးဖြစ်သော ကိုစိုင်းတင်မင်းထွန်း၊ ကိုဇော်သက်အောင် ခေါ် ကိုကတုံး၊ ကိုလဖိုင်ဂမ်၊ ဦးဒွမ်ဒေ့ါနောင်လတ်၊ ကိုအောင်ကိုထွေး၊ ရှေ့နေတစ်ဦးဖြစ်သူ ဦးဇော်ဝင်းနှင့် ကိုသက်ဦးမောင် ခေါ် ကိုဝလုံးတို့မှာ ကျန်းမာရေး ကောင်းမွန်မှု မရှိကြောင်း သိရှိရသည်။

လွတ်လပ်စွာ စုဝေးခွင့်ကို အသုံးပြု၍ ဆန္ဒထုတ်ဖော်သူ များအား အစိုးရမှ ဖိနှိပ်မှုများ ပို၍ တိုးလာသည်ကို ဇန်နဝါရီလအတွင်းတွင် AAPP မှ မှတ်တမ်းပြုခဲ့ပါသည်။ လယ်ယာမြေ ပြဿနာများကို အမြန်ဆုံး ဖြေရှင်းပေးရန်၊ အကျင့်ပျက် ဝန်ထမ်းများကို ထိရောက်စွာ အရေးယူပေးရန် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဦးဆောင် ဆန္ဒပြခဲ့ခြင်းအတွက် ၈၈ ကရင် မျိုးဆက် ကျောင်းသားများ လူမှုဖွံ့ဖြိုးအသင်း ဥက္ကဋ္ဌ ဦးစောမောင်ကြီးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်း ခံခဲ့ရသည်။ ကရင်နီပြည် တိုးတက်ရေး ပါတီ (KNPP) ၏ တပ်ဖွဲ့ဝင် သုံးဦးနှင့် အရပ်သား တစ်ဦး သတ်ဖြတ်ခြင်း ခံခဲ့ရသည့်အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကရင်နီ လူငယ် ငါးဦးသည် ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြခဲ့ကြသောကြောင့် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ၎င်းတို့သည် ချုပ်ရက်အပါအဝင် ထောင်ဒဏ် ရက် နှစ်ဆယ် ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။ ခွင့်ပြုချက် မရှိဘဲ ဆန္ဒပြခြင်းသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ကို ချိုးဖောက်ခြင်းဖြစ်သည်။ ပြစ်ဒဏ်များကို ထမ်းဆောင်ခဲ့ပြီးနောက် ၎င်းတို့သည် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လွိုင်ကော် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဆန္ဒပြသူများ၏ ဖွင့်ဟ ပြောဆိုမှုများကို ပို၍ ရပ်တန့်သွားစေရန် နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဖိနှိပ်ရန် ကြိုးပမ်းသောအားဖြင့် အာဏာပိုင်များမှ ကယားပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနား၌ ကရင်နီ လူငယ် ငါးဦးကို ထောင်ဒဏ် ရက် ၂၀ ချမှတ်ခဲ့သည့်အပေါ် ကန့်ကွက်ရှုတ်ချကြောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သူများအား တားမြစ်ခဲ့သည်။ ကယားပြည်နယ်တွင် ဆန္ဒပြသူများ၏ အခွင့်အရေးများကို ရုပ်သိမ်းရန် ကြိုးပမ်းမှု တစ်ရပ်အနေဖြင့် ကရင်နီ လူငယ် ငါးဦးအား ဇန်နဝါရီလ ၅ ရက်နေ့ ရုံးထုတ်ရာ၌ လူ ၁၀၀ ခန့်ကို ဦးဆောင်ကာ ဝန်းရံခဲ့ကြသော ကရင်နီ လူငယ် သုံးဦးကို ဖမ်းဆီးခဲ့သည်။ ထိုကရင်နီ လူငယ် သုံးဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ပုဒ်မ ၁၉ ဖြင့် အမှုဖွင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး ဖမ်းဆီး၊ထိန်းသိမ်းထားခြင်း ခံခဲ့ရသည်။ သို့သော်လည်း ဇန်နဝါရီလ ၂၃ ရက်နေ့တွင် လွိုင်ကော်မြို့နယ် တရားသူကြီးမှ ၎င်းတို့အား စွဲဆိုထား သော စွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။ ထိုဖမ်းဆီးမှုများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသော လူတိုင်း သတင်းအချက်အလက်များကို ဖြန့်ဖြူးခွင့်၊ UDHR ပုဒ်မ ၂၀ နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCP)၊ ပုဒ်မ ၂၁ တို့တွင် ပြဋ္ဌာန်းထားသော ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိရမည်ကို ချိုးဖောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သောကြောင့် နိုင်ငံတကာ စည်းမျဉ်းများကို လိုက်နာရန် တာဝန်ရှိသည်။ ထိုမျှသာမက စစ်တပ်နှင့် ဆက်နွယ်လျှက်ရှိသော အမှုများတွင် အာဏာပိုင်များမှ တက်ကြွ လှုပ်ရှားသူများကို မြန်ဆန်စွာ ဖမ်းဆီးခြင်း၊ ၎င်းတို့၏ ထုတ်ဖော်မှုများကို ဖိနှိပ်ခြင်းတို့သည် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်သည်။ ထိုအခြင်းအရာသည် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် အားထုတ် ကြိုးပမ်းမှုကို ထိခိုက်မှု ဖြစ်စေသည်။ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေး အတိုက်အခံများ၏ ထုတ်ဖော် ပြောဆိုမှုများကို ဖိနှိပ်ရန်နှင့် တရားစီရင်ရေးအပေါ် ယုံကြည်မှု လျော့နည်းလာစေရန် ထိုဥပဒေကို ဆက်လက် အသုံးပြုလျှက်ရှိသည်။ ထို့ကြောင့် ရှင်းလင်း တိကျမှုမရှိသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းများကို ရပ်တန့်ပါရန် AAPP မှ အာဏာပိုင်များအား တိုက်တွန်းပါသည်။ ထို့ပြင် ထိုဥပဒေဖြင့် များစွာသော

.

ဖမ်းဆီးမှုများ ဆက်လက် ဖြစ်ပေါ်လျှက်ရှိခြင်းကြောင့် ထိုဥပဒေအား ပြန်လည်၍ သုံးသပ်ပေးပါရန် တိုက်တွန်းပါသည်။ ဒီမိုကရေဆီသို့ ရှေ့ဆက်နိုင်စေရန်အတွက် တရားစွဲဆိုမှုများကို ကြောက်ရွံ့ရန်မလိုသည့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ကို ကာကွယ်ပေးမည့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့် ဥပဒေကို ပြန်လည် ရေးဆွဲရမည်ဖြစ်သည်။

ကရင်နီပြည်တွင် ဆန္ဒပြသူများ၏ လွတ်လပ်စွာ စုဝေးခွင့်ကို ဖိနှိပ်ခြင်းအပြင် ရခိုင်ပြည်နယ်တွင်လည်း လွတ်လပ်စွာ စုဝေးခွင့်ကို ကန့်သတ်ထားဆဲဖြစ်သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ မြောက်ဦး နန်းတော်ရာကုန်းပေါ်တွင် ကျင်းပရန် စီစဉ်ထားသော ရခိုင်ဘုရင်နိုင်ငံတော် ကျဆုံးခြင်း ၂၃၃ နှစ်ပြည့် ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းနားကို အာဏာပိုင်များမှ တားမြစ်ခဲ့ခြင်းအတွက် ဒေသခံများမှ လမ်းလျှောက်ဆန္ဒပြရာမှ ပဋိပက္ခ ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့၏ ဖြိုခွင်းမှုကြောင့် အရပ်သား ခုနစ်ဦး သေဆုံးခဲ့ကာ ၁၂ ဦး ဒဏ်ရာ ရရှိခဲ့သည်။ အစိုးရမှ စုံစမ်း စစ်ဆေးမှုများ ပြုလုပ်လျှက်ရှိပြီး ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ နှစ်ဘက်လုံး မှားယွင်းသည်ဟု ပြောကြားခဲ့သည်။ ထိုပဋိပက္ခနှင့် ဆက်နွယ်၍ ရခိုင် လူငယ် ငါးဦးသည် အာဏာပိုင်များထံမှ ခွင့်ပြုချက်မယူဘဲ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ၊ ပုဒ်မ ၁၉ ဖြင့် ဒဏ်ငွေ သုံးသောင်းကျပ် ပေးဆောင်စေရန် ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။ ၎င်းတို့အား တရားစွဲဆိုခြင်းသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေတွင် အားနည်းချက်များရှိနေသည်ကို ပြသနေပြီး ဆန္ဒပြပွဲများ ဖြစ်ပွားပြီးနောက် နောင့်နှေးမှုမရှိဘဲ အချိန်မီ ငြိမ်းချမ်းစွာ တုံ့ပြန်ရန် နိုင်ငံသားများကို ခွင့်ပြုရမည်ဖြစ်သည်။ ထိုဥပဒေတွင် တိကျသော ပြဋ္ဌာန်းမှုများသည် နိုင်ငံသားများအား အချိန်မီ တုံ့ပြန် ဆန္ဒပြရန် တားဆီးလျက်ရှိသည်။ နိုင်ငံတကာ စည်းမျဉ်းများ၊ သဘောတူ စာချုပ်များတွင် ပြဋ္ဌာန်းထားသော အခွင့်အရေးများကို ကျင့်သုံးလျှက်ရှိသော နိုင်ငံသားများကို ထိခိုက်စေရန် ထိုဥပဒေကို အသုံးပြုနေခြင်းအား ရပ်တန့်စေရန်အတွက် ထိုဥပဒေကို ပြင်ဆင်၊ ဖြည့်စွက်ပါရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။

ထိုကဲ့သို့ တရားစွဲဆိုနေမှုများအပြင် အာဏာပိုင်များမှ မြောက်ဦးပဋိပက္ခအတွင်း ဒဏ်ရာရရှိခဲ့သောကြောင့် စစ်တွေ ဆေးရုံတွင် တက် ရောက် ဆေးကုသမှုခံယူနေသော အမျိုးသား ရှစ်ဦးကို ဖမ်းဆီး၍ ဆေးရုံ၏ အချုပ်သားများ ထားရှိသော အဆောင်တွင် ချုပ်နှောင်ထားပြီး စစ်ဆေးလျှက်ရှိသည်။ ထိုအခြင်းအရာသည် လူတိုင်း လွတ်လပ်စွာ သွားလာခွင့်ရှိသည်ဟူသော နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR)၊ ပုဒ်မ ၁၂ နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း၊ ပုဒ်မ ၁၃ တို့ကို ချိုးဖောက်ခြင်းဖြစ်ရှိပြီး တရားစွဲဆိုခံရခြင်းမပြုမီ ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဆေးကုသမှု ခံယူနေစဉ်အတွင်း ထိုလူငယ်များကို လက်ထိတ်၊ ခြေထိတ်များ ခတ်ထားခြင်းသည် ကျန်းမာရေး စောင့်ရှောက်ခွင့်ကို ချိုးဖောက်ခြင်း ဖြစ်သည်သာမက ၎င်းတို့၏ ဂုဏ်သိက္ခာရှိစွာ နေထိုင်ခွင့်ကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ ကုလသမဂ္ဂ၏ အကျဉ်းသားများကို ပြုမူ ဆက်ဆံပုံ အနိမ့်ဆုံး စံချိန်၊ စံညွှန်းများ (SMRs) တွင် ပြဋ္ဌာန်းထားသည်များကို ဆန့်ကျင်ခြင်းဖြစ်သည်။ AAPP မှ အစိုးရအား ဖမ်းဆီးမှုများကို နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်ပါရန်နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း (UDHR) ပုဒ်မ ၁၊ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR)၊ ပုဒ်မ ၁၀၊ ကမ္ဘာ့ ကုလသမဂ္ဂ၏ အကျဉ်းသားများကို ပြုမူ ဆက်ဆံပုံ အနိမ့်ဆုံး စံချိန်၊ စံညွှန်းများ (SMRs)၊ ပုဒ်မ ၆၀ တို့တွင် ဖော်ပြထားသော လူတိုင်း တူညီသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိရမည်ကို လေးစား လိုက်နာပါရန် တိုက်တွန်းပါသည်။

အစိုးရသစ် စတင် တာဝန်ထမ်းဆောင်ကတည်းက ကျောင်းသားများ၏ ပထမအကြိမ် ဆန္ဒထုတ်ဖော်မှုသည် ဇန်နဝါရီလ အတွင်းတွင် စတင် ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ABFSU) မှ ထိုဆန္ဒထုတ်ဖော်မှုကို ဦးဆောင်ခဲ့ပြီး ပညာရေး အသုံးစရိတ် တိုးမြှင့်ပေးရန်၊ ကျောင်းတွင်းအဆောင်များ ဆောက်လုပ်ပေးရန်နှင့် ကျောင်းတွင်း သင်ထောက်ကူ ပစ္စည်း လုံလောက်စေရန် စသည့် အချက်များကို တောင်းဆိုခဲ့ကြသည်။ ကာကွယ်ရေး အသုံးစရိတ်သည် ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်နှစ်ခုပေါင်းထက် များပြားနေသောကြောင့် ထိုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်။ ထိုတောင်းဆိုချက်များကို လိုက်လျောခြင်းမပြုပါက အစာငတ်ခံ ဆန္ဒပြမည်ဟု ကျောင်းသားများမှ ခြိမ်းခြောက်ခဲ့ပြီးနောက် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အာဏာပိုင်များမှ ကျောင်းသား ၇၂ ဦးကို ထိန်းသိမ်းခဲ့သည်။ ၎င်းတို့သည် ချက်ချင်း ပြန်လည် လွတ်မြောက်လာခဲ့သော်လည်း ကျောင်းသား၊ ကျောင်းသူ ၅၆ ဦးသည် ကျောင်း စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖောက်ခြင်း၊ စာသင်ခန်းအတွင်း ကောင်းစွာ ပြုမူ နေထိုင်မှု မရှိခြင်းနှင့် ဆရာ၊ ဆရာမများ၏ စကားကို လိုက်နာမှု မရှိခြင်းတို့ကြောင့် ကျောင်းမှ

.

ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ကျောင်းသားများ ကျောင်းထုတ်ခြင်း ခံခဲ့ရသည်ကို တုံ့ပြန်သောအားဖြင့် စစ်ကိုင်း ပညာရေး တက္ကသိုလ်တွင် ကျောင်းသားများ ဆန္ဒပြခဲ့ကြသည်။ ကျောင်းသားများ ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ခြင်းအတွက် တက္ကသိုလ် အာဏာပိုင်များမှ ကျောင်းသားများ၏ ပညာရေးကို အဆုံးသတ်ခဲ့ခြင်းသည် လက်ခံနိုင်ဖွယ်မရှိပါ။ နိုင်ငံတကာ ကျင့်ထုံးများ၊ စည်းမျဉ်း စည်းကမ်းများတွင် ဆန္ဒပြခွင့်ကို ကာကွယ်မှုပေးထားပြီး ကျောင်းသားများကို လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယူဆခွင့်နှင့် စုဝေးခွင့်များရှိသော ပို၍ အဆင့် မြင့်သည့် ပညာရေးကို ဖွဲ့စည်းရန် ခွင့်ပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ တက္ကသိုလ်များ နိုင်ငံတကာ အဆင့်နှင့် ယှဉ်နိုင်စေရန်အတွက် သင်ထောက်ကူ ပစ္စည်းများနှင့် လိုအပ်သော ပစ္စည်းများကို ပံ့ပိုး နိုင်ရန် အစိုးရမှ ကျောင်းသားများနှင့် ညှိနှိုင်းရန် ဆန္ဒရှိရမည်ဖြစ်သည်။ ထိုဆန္ဒပြမှုအား ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ AAPP မှ ရှုတ်ချပါသည်။ NLD ပါတီဝင်များစွာသည် ၁၉၈၈ အရေးအခင်းတွင် ပါဝင်ခဲ့ကြပြီး ကျောင်းသားများ ဦးဆောင်သော ဆန္ဒပြမှုဖြစ်သော သမိုင်းဝင် ၁၉၈၈ အရေးအခင်းကြောင့် NLD ပါတီ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် မည်သည့်အတွက်ကြောင့် NLD ပါတီ ဖြစ်ပေါ် တည်ရှိလာသည်ကို ဂရုပြုသင့်ပါသည်။ AAPP မှ ကျောင်းသားများ ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးခြင်းအတွက် ကြိုဆိုပြီး ကျောင်းသားများ၏ ရည်မှန်းချက်များ ရရှိစေရန် အထောက်အကူပြုမည့် သဘောတူညီချက်အတွက် အာဏာပိုင်များနှင့် ကျောင်းသားများကြား ညှိနှိုင်းမှုများ ပြုလုပ်ရန် တိုက်တွန်းပါသည်။

ဇန်နဝါရီလအတွင်းတွင်လည်း AAPP မှ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဖိနှိပ် ကန့်သတ်ထားသော အမှုများကို ဆက်လက် မှတ်တမ်း ပြုလျှက် ရှိသည်။ ဇန်နဝါရီလ တစ်လျှောက်လုံးတွင် များစွာသော အမှုများမှ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ကန့်သတ်မှုများ မြင့်တက်ခဲ့သည်ကို ပြသခဲ့သည်။ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရိုက်တာ သတင်းဌာနမှ သတင်းထောက်နှစ်ဦး ဖြစ်ကြသော ကိုသက်ဦးမောင် ခေါ် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့သည် ၁၉၂၃ နိုင်ငံတော် အစိုးရ လျှို့ ဝှက်ချက်များ အက်ဥပဒေဖြင့် စွဲချက်တင်ခြင်း ခံခဲ့ရသည်။ AAPP အပါအဝင် အရပ်ဘက် အဖွဲ့အစည်းများ (CSOs)၊ နိုင်ငံတကာမှ အစိုးရများနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့မှ ၎င်းတို့အား လွှတ်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း ၎င်းတို့သည် ဆက်လက် ထိန်းသိမ်းထားခြင်း ခံနေကြရဆဲဖြစ်သည်။ ဒီဇင်ဘာလ အစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အတိုင်း ၎င်းတို့အား ဖမ်းဆီးထားခြင်းနှင့် ထိန်းသိမ်းထား ခြင်းသည် မတရား ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းထားခြင်းမှ ကာကွယ်မှုပေးထားသော နိုင်ငံတကာ စည်းမျဉ်းများနှင့် ကွဲလွဲလျှက်ရှိပြီး နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR) ပုဒ်မ ၉၊ ပုဒ်မ ၁၉(၂) တို့နှင့်လည်း ဆန့်ကျင်လျှက် ရှိသည်။ ထိုမျှသာမက သတင်းထောက်များအား ဖမ်းဆီး ခြင်းနှင့် စနစ်ကျစွာ တရားစွဲဆိုခြင်းသည် နိုင်ငံ၏ အသွင်ကူးပြောင်းရေးကို ပျက်စီးစေသည်။ ဒီမိုကရေစီတွင် စာနယ်ဇင်း လွတ်လပ်ခွင့်နှင့် တရားစီရင်ရေး၏ လွတ်လပ်မှုသည် အဓိကကျသော အခန်းကဏ္ဍ တစ်ခုဖြစ်သည့်အတွက် တရားရုံးများအပေါ် ယုံကြည်မှုကို ကျဆင်းစေပါသည်။ AAPP မှ ကိုသက်ဦးမောင် ခေါ် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို စွဲဆိုထားသော စွဲချက်များကို အမြန်ဆုံး ရုပ်သိမ်းပေးရန်နှင့် ၎င်းတို့အား အမြန်ဆုံး လွှတ်ပေးပါရန် တောင်းဆို ပါသည်။

ဇန်နဝါရီလအတွင်း ကိုသက်ဦးမောင် ခေါ် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ နှစ်ဦးသာ ဖိနှိပ်မှု၊ကန့်သတ်မှုများဖြင့် ရင်ဆိုင်ခဲ့ရ သည်မဟုတ်ပါ။ ထင်ရှားသော လက်နက်မှု တစ်မှုတွင် သတင်းထောက်များသည် တရားခွင် အတွင်းသို့ ဝင်ရောက် သတင်းယူရန် ငြင်းပယ်ခြင်းခံခဲ့ရသည်။ မီဒီယာများအတွက် ၂၀၁၄ ခုနှစ် သတင်း မီဒီယာ ဥပဒေ၊ ပုဒ်မ ၄(ဃ)၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်၏ လက်စွဲ စာအုပ်တို့တွင် သတင်းထောက်များကို တရားရုံးများအတွင်းသို့ သတင်းယူရန် ခွင့်ပြုထားသည်။ ယခင်က ၎င်းတို့သည် တရားရုံးတွင် မှတ်ပုံတင်ခဲ့ရပြီး ဝင်ခွင့်ကတ်များ ရရှိခဲ့သော်လည်း သတင်းယူရန် တားဆီးခြင်းခံခဲ့ရသည်။ ထိုအခြင်းအရာမှ နိုင်ငံတကာ စည်းမျဉ်းများအပြင် ပြည်တွင်း ဥပဒေကို ချိုးဖောက်လျှက်ရှိသည်ကို ပြသလျှက်ရှိသည်။ ထို့ပြင် ကြီးမားသော ကန့်သတ်မှုများဖြစ်သည့် သတင်းသမားများ လွှတ်တော်အတွင်း သတင်း ရယူနိုင်မှု မရှိခြင်းနှင့် တရားရုံးများတွင် လွတ်လပ်စွာ သတင်း ယူခွင့်နည်းပါးခြင်း၊ ဖြေကြားပေးမည့် တာဝန်ရှိသူများ နည်းပါးခြင်းတို့ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေခြင်းသည် ပြည်တွင်းနှင့် နိုင်ငံတကာအတွက် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို သတင်းရေးသားရန် အခက် အခဲ ဖြစ်စေပါသည်။ ပြည်တွင်း ဥပဒေများနှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်၊ ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့်အညီ သတင်းသမားများအား ကန့်သတ်မှုများမရှိဘဲ လွှတ်တော် အစည်းအဝေးများအတွင်း သတင်းယူခွင့်နှင့် တရားခွင်အတွင်း သတင်းယူခွင့် ပြုပါရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။ နိုင်ငံတွင်း လွတ်လပ်စွာ သတင်း စီးဆင်းမှုကို အားပေး မြှင့်တင်ရန်အတွက် သတင်းသမားများကို မှန်ကန်သော သတင်းအချက် အလက်များ ရရှိရန်

.

ခွင့်ပြုရမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ စာနယ်ဇင်း လွတ်လပ်ခွင့် ရမှတ်တွင် မြန်မာနိုင်ငံသည် စာနယ်ဇင်း လွတ်လပ်ခွင့်မရှိဟု Freedom House မှ ဖော်ပြထားသည်။ AAPP မှ မြန်မာနိုင်ငံတွင်း စာနယ်ဇင်း လွတ်လပ်ခွင့် မရှိသည်ကို လက်ခံပြီး စာနယ်ဇင်း လွတ်လပ်ခွင့်မရှိခြင်းသည် နိုင်ငံတွင်း သတင်းသမားများ ဖမ်းဆီး၊ တရားစွဲဆိုခံနေရခြင်းများ ဆက်လက်ရှိနေသောကြောင့် ဖြစ်သည်။

သတင်းသမားများ ဖိနှိပ်မှုများနှင့်ရင်ဆိုင်နေရသည့်အပြင် နိုင်ငံသားများသည်လည်း တင်းကျပ်သော သရေဖျက်မှု ဥပဒေများဖြင့် ဖိနှိပ်ခြင်း ခံနေကြရဆဲဖြစ်သည်။ သို့သော်လည်း နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေဖြင့် နိုင်ငံသားများအား တရားစွဲဆိုမှုများ စတင်လာခြင်းသည် စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် ထိုဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပြီး နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရန်ဖြစ်သည်။ သို့သော်လည်း ထိုဥပဒေ၏ ပုဒ်မ ၈(စ) သည် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ ဆိုသည်ကို ရာဇဝတ်မှုမြောက်စေပြီး ထိုဥပဒေသည် ဝေဖန် သူများကို ဖိနှိပ်ရန် လက်နယ်သဖွယ် ဖြစ်လာပါသည်။ ဇန်နဝါရီလအတွင်းတွင် ပုဒ်မ ၈(စ) ဖြင့် အမှုဖွင့် ခံထားရသူ နှစ် ဦးရှိပြီး တစ်ဦးသည် ထိုဥပဒေ၏ ပုဒ်မ ၈ ကို ရည်ညွှန်းသော ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခြင်း ခံခဲ့ရသည်။ မွန်ပြည်နယ်တွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအေးဇော်ကို လူမှုကွန်ရက် စာမျက်နှာတွင် ဝေဖန်ခဲ့ခြင်းအတွက် ဦးအောင်ကိုကိုလွင်ကို မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသား လူမျိုးများရေးရာ ကော်မတီ အဖွဲ့ဝင် ဦးစောကျော်မိုးမှ တရားစွဲဆိုခဲ့သည်။ စွဲချက်တင်ခံရလျှင် ဦးအောင်ကိုကိုလွင်သည် သုံးနှစ် အထိ ပြစ်ဒဏ်ကျခံရနိုင်ပြီး ဒဏ်ငွေ ၁၅ သိန်းကျပ်အထိ ပေးဆောင်ရနိုင်သည်။ မကွေးတိုင်းအတွင်းတွင်လည်း မကွေးမြို့နယ် စည်ပင်သာသာယာ ကော်မတီတွင် မြေတိုင်း ၃ တာဝန် ထမ်းဆောင်နေသူ ဦးမျိုးအောင်သည် မြို့နယ် စည်ပင်သာယာ ရေးကော်မတီ အဖွဲ့ဝင်များကို လူမှုကွန်ရက် စာမျက်နှာ၌ ၂၀၁၇ ခုနှစ် ဇူလိုင်လနှင့် နိုဝင်ဘာလတို့တွင် ဝေဖန်ရေးသားခဲ့ခြင်း အတွက် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ ထို့ပြင် ဦးကိုနီ လုပ်ကြံသတ်ဖြတ်ခြင်းခံရမှုအတွက် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြုလုပ်သော တရားခွင် ကြားနာ စစ်ဆေးမှု ပြီးဆုံးပြီးနောက် တရားခံများမှ ပြောကြားသည်ဟူသော စကားနှင့် ပတ်သက်၍ တရားခံများမှ တရားလို ရှေ့နေ ဦးရောဘတ်စန်းအောင်နှင့် သက်သေကိုအောင်စိုးတို့ကို ထိုဥပဒေဖြင့် တရားစွဲဆိုမည်ဟု ပြောကြားခဲ့သည်။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ သို့မဟုတ် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုမှုများ ရှိခဲ့ပြီး ရာနှုန်းပြည့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရမှုများ ရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများဖြစ်ပွား နေခြင်းသည် ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ)အား နိုင်ငံတကာမှ ကန့်ကွက်မှုများရှိခြင်းကြောင့် အစိုးရမှ အသရေဖျက်ခြင်းကို ပြောင်းလဲ၍ တရားစွဲဆိုခြင်းဖြစ်သည်။ ထို့ကြောင့် AAPP မှ အစိုးရအား အသရေဖျက်မှုအား ရာဇဝတ်မှုမြောက်စေခြင်း မရှိစေရန်နှင့် အစိုးရအား ဝေဖန်ခြင်းအတွက် နိုင်ငံသားများကို တရားစွဲဆိုခြင်းမပြုရန် တိုက်တွန်းပါသည်။

ဇန်နဝါရီလအတွင်းတွင် အစိုးရမှ ထင်ရှားသော အမှုနှစ်မှုတွင် ပါဝင်သော ဥပဒေများနှင့်ပတ်သက်ပြီး လူထုအတွင်းသို့ သတင်းအချက်အလက်များကို ထုတ်ပြန်ခဲ့သည်။ ရိုက်တာ သတင်းဌာနမှ သတင်းထောက် နှစ်ဦးဖြစ်သော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို တရားစွဲဆိုပြီးနောက်၊ မြောက်ဦး ဆန္ဒပြမှုနှင့် ဆက်နွယ်သူများကို ဖမ်းဆီးခဲ့ပြီးနောက် The Global New Light of Myanmar သတင်းစာ မှ ၎င်းတို့၏ အာဘော်ကို ရေးသားခဲ့ပြီး နိုင်ငံအတွက် ထိုဥပဒေများ၏ အရေးပါပုံကို ရှင်းလင်းခဲ့သည်။ ထိုဥပဒေများသည် ၁၉၂၃ ခုနှစ်၊ နိုင်ငံတော် အစိုးရ လျှို့ဝှက်ချက် များ အက်ဥပဒေ၊ နိုင်ငံတော် သစ္စာဖောက်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၂ နှင့် မတရားအသင်းအက်ဥပဒေတို့ဖြစ်ကြသည်။ ထိုအာဘော်များမှ အစိုးရအား ဝေဖန်သူများ တရားစွဲဆိုခံရနိုင်သည်ကို ပြသနေပြီး အုပ်ချုပ်ရေးဌာန၏ အမိုအခိုကင်းသော တရားစီရင်ရေးနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကို မြင့်တက်စေပါသည်။ ၂၀၁၆ ခုနှစ်တွင် အစိုးရမှ အာဏာလွှဲပြောင်းရယူခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး သမိုင်းတွင် ဒီမိုကရေစီလှိုင်းသစ်ဖြင့် ကဏ္ဍတစ်ရပ် ဖွင့်လှစ်ပေးသည်ဟု ထင်ရဟန် ရှိ၍ AAPP မှ အစိုးရအား တရားစီရင်ရေးသည် တစ်ခုတည်းသော ဥပဒေများကို ကျင့်သုံးနေသည့် ဌာနဖြစ်သည့်အတွက် အမိုအခိုကင်း၍ လွတ်လပ်သော တရားရုံးများဖြစ်စေရန် တိုက်တွန်းပါသည်။

ထို့အပြင် ဇန်နဝါရီလတွင် အစိုးရမှ လူငယ်ရေးရာ မူဝါဒကို တရားဝင် မိတ်ဆက် ဖြန့်ချီခဲ့သော်လည်း ဇန်နဝါရီလအတွင်းတွင်ပင် လူငယ်များသည် တရားစွဲဆိုခံနေရမှုများကို ရင်ဆိုင်နေကြရသည်ကို AAPP မှ လေ့လာ တွေ့ရှိခဲ့သည်။ နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် လူငယ် လူဦးရေဖြစ်ပြီး ထိုလူငယ်မူဝါဒသည် လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှု၊ အလုပ်အကိုင် အခွင့် အလမ်းများ၊ စီးပွားရေး၊ နိုင်ငံရေး ဆိုင်ရာ သုတေသန၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု စသည့် အခန်းကဏ္ဍများကို

.

အဓိကထားသည်။ လူငယ်မူဝါဒ ထွက်ရှိပြီးနောက် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျောင်းသား၊ လူငယ်၊ အရပ်ဘက်အဖွဲ့အစည်း၊ ကွန်ရက် ၁၁၃ ဖွဲ့နှင့် တစ်သီးပုဂ္ဂလ ထောက်ခံသူ ခြောက်ဦးတို့မှ ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့ပြီး ကရင်နီ လူငယ်များနှင့် ရိုက်တာ သတင်းထောက်များ ဖမ်းဆီး တရားစွဲဆိုခံနေရခြင်းများအပါအဝင် မြန်မာနိုင်ငံအတွင်း လူငယ်များ မတရား ဖမ်းဆီး၊ အကျဉ်းချ၊ တရားစွဲဆို ခံနေရမှုများအပေါ် ကန့်ကွက်ခဲ့ကြပြီး ၎င်းတို့ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထိုအမှုများအပြင် ကလေး စစ်သားဟောင်း ကိုအောင်ကိုထွေး၏ အမှုအား ရုပ်သိမ်းပေးရန် တောင်းဆိုလျှက် ရှိသော်လည်း ဇန်နဝါရီလအတွင်းတွင် ကိုအောင်ကိုထွေးသည် စွဲချက်တင်အမိန့်ချမှတ်ခြင်း ခံခဲ့ရသည်။ ထိုမျှသာမက ဇန်နဝါရီလ အတွင်းတွင် တက္ကသိုလ်ကျောင်းသားများသည် ကျောင်းမှ ထုတ်ပယ်ခြင်း ခံခဲ့ရသည်။ နိုင်ငံ၏ ဥပဒေရေးရာ စနစ်သည် လူငယ်များအပေါ် လွန်စွာ ထိခိုက်လျှက်ရှိသည်ကို ထိုအမှုများမှ ထင်ရှားစွာ ပြသလျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း ပေါ်ပေါက်လာစေရန်အတွက် တိုက်ပွဲဝင်လျှက်ရှိကြသော၊ နိုင်ငံရေး လှုပ်ရှားမှုနှင့် ယုံကြည်မှုတို့အတွက် ဖိနှိပ်ခြင်း ခံနေကြရသော လူငယ် တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများ ဘက်မှ AAPP မှ ရပ်တည် ပါသည်။ ထို့ပြင် အကျဉ်းကျခံနေရသော လူငယ်များအပါအဝင် လူငယ် အားလုံး၏ အခွင့်အရေးများကို ကာကွယ်ရန် ဆောင်ရွက်သောအားဖြင့် ပြဋ္ဌာန်းထားသော လူငယ်မူဝါဒကို ပြန်လည်၍ သုံးသပ်ပါရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။

မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များကို နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ ရှိစေရန် အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး သည် မရှိမဖြစ် လိုအပ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ပြည်မြို့နယ်၊ ပေါင်းတည်မြို့နယ်တို့ရှိ အကျဉ်းထောင်များနှင့် ရဲအချုပ်ခန်းများကို ဇန်နဝါရီလအတွင်းတွင် စစ်ဆေးခဲ့သည်။ ပြည်အကျဉ်းထောင်အတွင်း အကျဉ်းသား အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ပြဿနာ ဖြစ်ပွားပါက အခြား အခန်းရှိ အကျဉ်းသားတန်းစီးများက ဝင်ရောက်ထိုးကြိတ်ဆုံးမ ခြင်း၊ စစ်ဆေးခဲ့သော ပြည်အကျဉ်းထောင် အပါအဝင် အကျဉ်းထောင် အများစု၌ အိမ်သာ မလုံလောက်ခြင်း၊ သောက်ရေ၊ ချိုးရေ အခက်အခဲရှိခြင်းစသည့် ပြဿနာများကို တွေ့ရလေ့ရှိကြောင်း ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ ထို့ပြင် မိတ္ထီလာ ထောင်တွင် အကျဉ်းကျခံနေရသော လယ်ယာမြေအရေး လှုပ်ရှားသူနှင့် ရှေ့နေတစ်ဦးဖြစ်သူ ဦးဇော်ဝင်းသည် အကျဉ်းထောင်တွင်း အကျဉ်းသား နှစ်ဦးအား တန်းစီးမှ ရိုက်နှက်ခြင်းကို တားဆီးခဲ့ခြင်းအတွက် ထိုတန်းစီးများ၏ ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ အကျဉ်းသားများ၏ အခွင့်အရေးကို ကာကွယ်သောအားဖြင့် အကျဉ်းထောင် အာဏာပိုင်များမှ ထိုကိစ္စအား အမြန်ဆုံး ကိုင်တွယ် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ဇန်နဝါရီလအတွင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ အကျဉ်းထောင် အတွင်း အကျဉ်းသား အရေအတွက် လျှော့ချရေး အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် အကျဉ်းထောင်တွင်း အကျဉ်းသား ဦးရေ ပြည့်သိပ်နေခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဖော်ပြထားသည်။ မလိုအပ်ဘဲ ချုပ်နှောင်ထားခြင်း၊ တရားစွဲဆိုခြင်း မပြုမီ ထိန်းသိမ်းထား ခြင်းနှင့် သင့်တော်မှုမရှိသော မူးယစ်ဆေးဝါး စွဲချက်များကို လျှော့ချခြင်း ကဲ့သို့သော ကိစ္စရပ်များကို ကိုင်တွယ် ဆောင်ရွက်ခြင်းအားဖြင့် အကျဉ်းသားဦးရေ ပြည့်သိပ်နေခြင်း ပြဿနာအား ဖြေရှင်းနိုင်သည်ဟု ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင် အခြေအနေများသည် ကွဲပြားသော ပုံစံများစွာဖြင့် ဖြစ်ပွားလျှက်ရှိပြီး အထူးသဖြင့် အကျဉ်းထောင်တွင်း လူဦးရေ ပြည့်သိပ် နေခြင်းဖြစ်သည်။ ထိုအခြင်းအရာသည် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက် ခြင်းဖြစ်သည်။ အကျဉ်းသားများကို ပြုမူဆက်ဆံမှု အတွက် အခြေခံ စည်းမျဉ်းများတွင် စည်းမျဉ်း ၅ ၌ အကျဉ်းသား အားလုံးသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း (UDHR)၊ နိုင်ငံသား နှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် (ICCPR) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR) တွင် ပြဋ္ဌာန်းထားသော အခြေခံ အခွင့်အရေးများကို ရရှိရမည်ဖြစ်ပြီး အကယ်၍ မရရှိခဲ့လျှင် အကျဉ်းသားအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ချိုးဖောက်ခြင်းဖြစ်သည် သည်။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR) ပုဒ်မ ၁၁ တွင် အစိုးရမှ ပြည့်စုံ လုံလောက်သည့် အစားအစာ၊ အဝတ်အထည်နှင့် နေရာထိုင်ခင်းတို့ ပံ့ပိုးပေးရမည်ဟု ဖော်ပြထားသည်။ အစိုးရမှ ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့်အတွက် ထိုသဘောတူစာချုပ်အတိုင်း လိုက်နာ ဆောင်ရွက်ရမည့် တာဝန်ရှိပါ သည်။ လုံလောက်သော အစားအစာ၊ အဝတ်အထည်နှင့် နေထိုင်မှုတို့သည် အကျဉ်းကျခံနေရသူများအတွက် ပြန်လည် ရုပ်သိမ်း ၍ မရသော အခွင့်အရေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအခွင့်အရေးသည် ပြည်သူ့ ကျန်းမာ ရေးကိစ္စဖြစ်သောကြောင့်ဖြစ်ပြီး လုံလောက်သော အိပ်ရာနှင့် ရေချိုးရာတွင် အသုံးပြုသည့် အသုံးအဆောင်များ အစရှိသည့် အသုံးအဆောင်များ မရှိခြင်းသည် ကမ္ဘာ့ ကုလသမဂ္ဂ၏ အကျဉ်းသားများကို ပြုမူ ဆက်ဆံပုံ အနိမ့်ဆုံး စံချိန်၊ စံညွှန်းများ (SMRs)

.

ပုဒ်မ ၉ နှင့် ပုဒ်မ ၁၃ တို့ကို ချိုးဖောက်ခြင်းဖြစ်သည်။ ထိုမျှသာမက ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ မှလည်း အကျဉ်းထောင်အတွင်း လူဦးရေ ပြည့်သိပ်နေခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု ပုံစံ တစ်မျိုးဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ပြုပြင်ပြောင်းလဲမှု များစွာ ဆောင်ရွက် နေသော်လည်း အစိုးရသစ်အတွက် အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးသည် ဦးစားပေးကိစ္စရပ်အဖြစ် မရှိခြင်းသည် အားလျော့ ဖွယ်ရာ ဖြစ်သည်။ အစိုးရသစ်သည် အာဏာရရှိလျှင် ရရှိလျှင် ရရှိခြင်း အကျဉ်းသားများစွာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ သော်လည်း၊ အစိုးရသစ်သည် နိုင်ငံရေး အကျဉ်းသားဟောင်း များစွာဖြင့် ဖွဲ့စည်းထားသော်လည်း ၎င်းတို့၏ မူဝါဒများဖြင့် ထိုအခြေအနေများအပေါ် ပြန်လည်၍ ဆန်းစစ်ခြင်း မရှိပါ။ အစိုးရသစ် လက်ထက်တွင် အကျဉ်းကျခံနေရသော သတင်းသမား များနှင့် တက်ကြွလှုပ်ရှားသူများစွာ ရှိပါသည်။ ထိုကိစ္စရပ်များကို အစီရင်ခံတင်ပြခဲ့ခြင်းအတွက် AAPP မှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို (MNHRC) ကို ချီးမွမ်းပါသည်။ သို့သော်လည်း ပြောင်းလဲမှုများ ပြုလုပ်ရန်နှင့် အကျဉ်းသားများ ၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းမရှိစေရန်အတွက် လိုအပ်နေချိန်တွင် MNHRC မှ စောင့် မတ်ကြည့်ရှုပေးရန်နှင့် ကြားဝင် စေ့စပ် ဆောင်ရွက်ပေးပါရန် တိုက်တွန်းပါသည်။ ထိုမျှသာမက AAPP မှ အစိုးရအား ဥပဒေပြုရေး ကတိ ကဝတ်များကို လေးစား လိုက်နာရန်နှင့် နိုင်ငံတကာ ဥပဒေများဖြင့် ၎င်း၏ တာဝန်များကို စောင့်ထိန်းပါရန် ပန်ကြားအပ်ပါသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ခမရ - ၃၁၉ စစ်တရားရုံးမှ တပ်ရင်းမှူး တစ်ဦးအပါအဝင် တပ်မတော်သား ခြောက်ဦးအား ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ မိုင်းခေါင်ကျေးရွာရှိ မိုင်းရှောင်စစ်ဘေးရှောင်စခန်းမှ အမျိုးသား သုံးဦးအား သတ်ဖြတ်ခဲ့ခြင်းအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး တပ်မတော်မှ ရာသက်ပန် ထုတ်ပယ်ခဲ့သည်။ ခမရ - ၃၁၉ စစ်တရားရုံးမှ အသတ်ခံရသူများ၏ မိသားစုဝင်များ၊ မိုင်းခေါင်ကျေးရွာမှ အုပ်ချုပ်ရေး တာဝန်ရှိသူများ၊ စစ်ဘေးရှောင်များကို ကူညီနေသည့် ကချင် အရပ်ဘက် အဖွဲ့အစည်းများကို လာရောက် ကြားနာစေပြီး ၎င်းတို့ရှေ့မှောက်တွင် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအမျိုးသား သုံးဦးသည် ၂၀၁၇ ခုနှစ်၊ မေလအတွင်းတွင် ဖမ်းဆီး၊ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။ ကချင်ပြည်နယ်တွင် ပဋိပက္ခများ ဖြစ်ပွားနေသည့် ခြောက်နှစ်တာကာလအတွင်း အရပ်သားများ သတ်ဖြတ်ခံရခြင်းနှင့် ပတ်သက်၍ မိသားစုဝင်များ အရပ်ဘက် အဖွဲ့များကို လာရောက်ကြားနာခွင့်ပေးပြီး ပြစ်ဒဏ်ချမှတ်သည်မှာ ယခုအမှုသည် ပထမဆုံး အမှုဖြစ်သည်။ ထိုကဲ့သို့ ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကို AAPP မှ ကြိုဆိုပြီး နှိပ်စက် ညှဉ်းပန်းမှုများအားလုံးကို အဆုံးသတ်စေရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြား ရက်စက် ကြမ်းကြုတ်မှု၊ လူမဆန်မှု သို့မဟုတ် နှိမ့်ချ ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးသဘောတူစာချုပ် (UNCAT)အား လက်မှတ် ရေးထိုးရန် အစိုးရအား တိုက်တွန်း၊ တောင်းဆိုပါသည်။

ဇန်နဝါရီလအတွင်း ထုတ်ပြန်ခဲ့သော နိုင်ငံတကာ ဥပဒေပညာရှင်များ ကော်မရှင်၏ အစီရင်ခံစာတွင် လူအခွင့်အရေး ချိုးဖောက်မှုများအတွက် စစ်တပ်မှ ဆယ်စုနှစ်များစွာ ဒဏ်ခတ်ခံရမှု မရှိခြင်းကို တိုက်ဖျက်ရန် အစိုးရမှ ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ၁၉၅၉ ကာကွယ်ရေး အက်ဥပဒေနှင့် ၁၉၉၅ ရဲတပ်ဖွဲ့၏ စည်းကမ်း ထိန်းသိမ်းရေး ဥပဒေတို့ကြောင့် စစ်တပ်မှ လူ့အခွင့် အရေး ချိုးဖောက်မှုများကို တာဝန်ခံသည်မှာ ကြုံတောင့်ကြုံခဲဖြစ်သည်ဟုလည်း ထိုအစီရင်ခံစာမှ ဖော်ပြထားသည်။ ထို့ပြင် ထိုအစီရင်ခံစာမှ အစိုးရအား ဒဏ်ခတ်မခံရခြင်းကို ကိုင်တွယ် ဆောင်ရွက်ရန်နှင့် နစ်နာသူများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် သတင်းသမားများအတွက် တရားမျှတမှုနှင့် တရားဥပဒေ စိုးမိုးရေးကို ပြန်လည် ရှာဖွေရေးအားကူညီရန် တောင်းဆိုခဲ့သည်။ ထိုကဲ့သို့ ဒဏ်ခတ်မခံရခြင်းကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန်နှင့် စစ်မှန်သော ဒီမိုကရေစီကို ဖန်တီးရန်အတွက် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင် ပြောင်းလဲရေးသည် လိုအပ်သော ပထမ ခြေလှမ်း တစ်ရပ်ဖြစ်သည်။ စစ်မှန်သော ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းဆီသို့ ဦးတည်ရန်နှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးဆီသို့ တွန်းအားပေးရန် AAPP မှ အစိုးရအား တောင်းဆိုပါသည်။

ဇန်နဝါရီလအတွင်းတွင် လယ်သမားများသည် လယ်ယာမြေ သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို ဆက်လက် ရင်ဆိုင်နေကြရ သည်။ လယ်ယာမြေ ပြဿနာ တချို့တွင် နိုင်ငံတော်မှ ကူညီရန် ဆန္ဒရှိခဲ့သော်လည်း ၎င်းတို့တွင် လိုအပ်သော အရင်းအမြစ်များ၊ ပံ့ပိုးပေးမှုများ မရှိခြင်းနှင့် နည်းလမ်းများ မရှိခြင်းသည် ကြီးမားသော အခက်အခဲဖြစ်လာခဲ့သည်။ ထိုမျှသာမက လယ်ယာမြေ ပိုင်ဆိုင်မှုနှင့် အငြင်းပွားမှုများကို ကိုင်တွယ် ဆောင်ရွက်ချိန်တွင် နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ ဥပဒေ

.

ပြဋ္ဌာန်းမှု မရှိခြင်းသည် လယ်သမားများကို စိုးရိမ်မှုများ မြင့်တက်လာစေပါသည်။ ဇန်နဝါရီလ အတွင်းတွင် လယ်သမားရေးရာ ကော်မတီမှ လယ်ယာမြေသိမ်းဆည်းခြင်း ခံခဲ့ရသူများတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ၂၀၁၇ ခုနှစ် လယ်ယာမြေ သိမ်းဆည်းခြင်း ဥပဒေကြမ်းကို ရေးဆွဲထားသည်ဟု ထုတ်ပြန်ခဲ့ပြီး သိမ်းဆည်းခံ လယ်ယာမြေများအတွက် လယ်သမားများ လျော်ကြေး ရရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ကချင်ပြည် နယ်အတွင်းရှိ လယ်ယာမြေ အရေး လှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပြည်တွင်း အိုးအိမ်မဲ့များ (IDPs) သည် လယ်ယာမြေ သိမ်းဆည်းခြင်းခံရသူများ ၎င်းတို့၏ လယ်ယာမြေများ ပြန်လည် ရရှိရန် အခွင့်အရေး မရှိခြင်းနှင့် ပတ်သတ်ပြီး စိုးရိမ်မှုများ မြင့်တက်လျှက်ရှိသည်။ ထို့ကြောင့် ၎င်းတို့မှ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကို အကောင်အထည်ဖော်ခြင်းသည် လက်ရှိ တည်ဆောက်လျှက်ရှိသာ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ထိခိုက်စေခြင်းကြောင့် ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ ထုံးတမ်းနှင့် မြေယာအခွင့်အရေးတို့ပါဝင်သော လူ့အခွင့်အရေးကို အခြေခံ သည့် ပြည်သူ ဗဟိုပြု မြေပိုင်ဆိုင်မှု အာမခံပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် တောင်းဆိုခဲ့သည်။ နင်ထုတ်ခြင်းနှင့် အိမ်ရာမဲ့ခြင်းတို့အပေါ် အခြေခံထားသော ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှုများတွင် ပြုမူဆောင်ရွက်မှုသည် လူ့အခွင့်အရေးနှင့် ကိုက်ညီမှု မရှိလျှင် နိုင်ငံတော်အစိုးရသည် လယ်ယာမြေ သိမ်းဆည်းခြင်းမှ ရှောင်ကြဥ်ရမည်ဟု ဖော်ပြထားသည့် အတွက် လယ်ယာမြေ သိမ်းဆည်းခြင်းအပေါ် နိုင်ငံတကာ ဥပဒေများကို ရည်ညွှန်း၍ ဆောင်ရွက်ပါရန် AAPP မှ အစိုးရအား တိုက်တွန်း ပါသည်။ ထိုမျှသာမက ကမ္ဘာ့ ကုလသမဂ္ဂ၏ ဌာနေ တိုင်းရင်းသားများ အခွင့်အရေးများ ကြေညာစာတမ်း ပုဒ်မ ၈ တွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားများ၏ လယ်ယာမြေများကို ထိခိုက်ဆုံးရှုံးခြင်းမှ ကာကွယ် တားဆီးရန်အတွက် ထိရောက်သော နည်းလမ်းများကို ပံ့ပိုးပေးရမည်ကို အစိုးရမှ လိုက်နာ စောင့်ထိန်းပါရန် တိုက်တွန်းပါသည်။ AAPP မှ ထိုအခြေအနေများကို ဆက်လက် စောင့်မတ် ကြည့်ရှုမည်ဖြစ်ပြီး နိုင်ငံတကာ ဥပဒေများဖြင့် အခြေခံသော စည်းမျဉ်းများကို အစိုးရအား အကြံပြုသွားမည်ဖြစ်သည်။

ဇန်နဝါရီလအတွင်း အောက်တွင် ဖော်ပြထားသော မြို့နယ်များနှင့် ကျေးရွာများတွင် လယ်ယာမြေ ပြဿနာများကို ရင်ဆိုင်နေရသည်ကို AAPP မှ မှတ်တမ်းပြုခဲ့သည်။

- **ရှမ်းပြည်နယ်**

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့ရှိ ရွှေမောင်းတောင်ပေါ်တွင် နေထိုင်ကြသူများသည် ၎င်းတို့ နှစ် နှစ်ဆယ် ကျော်ကြာစိုက်ပျိုး လုပ်ကိုင်လာခဲ့ကြသော လယ်ယာမြေများကို ကျူးကျော်ခြင်းအတွက် တရားစွဲဆိုခြင်းခံရမည်ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ရွှေမောင်းတောင်ပေါ်ရှိ လယ်ယာမြေတချို့ကို တောင်ကြီး တက္ကသိုလ်၊ ကုန်းလမ်း ပို့ဆောင်ရေးရုံးတို့ အတွက် ခွဲဝေချထားခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ၎င်းတို့နေထိုင်ရာ မြေများကို ခြံခတ်ခြင်းများ ပြုလုပ်လာသည်ဟု ရွှေမောင်းတောင်ပေါ်တွင် နေထိုင်ကြသူများမှပြောကြားခဲ့ပြီး ၎င်းတို့မှ အစိုးရ ဌာအသီးသီးကို တိုင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ တောင်ကြီးမြို့နယ် စည်ပင် သာယာရေး ကော်မတီမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးကိုမှ တရားစွဲဆိုမည့် စာရင်းအတွင်းပါဝင်သော အိမ်ထောင်စု ၁၂၀ ကိုညှိနှိုင်းမှုများပြုလုပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ AAPP မှ တရားစွဲဆိုခြင်းများကို မပြုလုပ်ပါရန် တိုက်တွန်းပြီး မြို့၏ အိမ်ရာ စီမံကိန်းများသည် နိုင်ငံသားများ၏ လယ်ယာမြေများကို ထိပါးခြင်း မရှိစေရန်အတွက် ဆောင်ရွက်ပါရန် တိုက်တွန်းပါ သည်။ ထို့ပြင် AAPP မှ ရှမ်းပြည်နယ် အစိုးရအား လယ်သမားများ၏ တိုင်ကြားမှုကို ပြန်လည် သုံးသပ်ရန်နှင့် နင်ထုတ်ခြင်းနှင့် အိမ်ရာမဲ့ခြင်းတို့အပေါ် အခြေခံထားသော ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှုများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း အစိုးရ စီမံကိန်းများအတွက် လယ်သမားများ၏ စားဝတ်နေရေးနှင့် အိမ်များကို သိမ်းဆည်းခြင်း မပြုလုပ်ပါရန် အလေးထား တိုက်တွန်းပါသည်။

- **ကချင်ပြည်နယ်**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်မှ အိုးအိမ်မဲ့များသည် ၎င်းတို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရစဉ်တွင် ကုမ္ပဏီများက ၎င်းတို့၏ လယ်ယာမြေများကို ငှက်ပျောစိုက်ခင်းများချဲ့ထွင်ရန် သိမ်းဆည်းမည်ကို စိုးရိမ်လျှက်ရှိသည်။ ဒေသဆိုင်ရာ အစိုးရကို အကူအညီတောင်းခံရန်အတွက် နည်းလမ်းမရှိသည်ကို ဒေသခံများမှ သိရှိကြသည်။ နောက်ကွယ်တွင် ချန်ထားခဲ့ရသော မြေနှင့် အိမ်ရာများကို မတရား အသုံးပြုခြင်းမှ ဆန့်ကျင် ကာကွယ်ရမည်ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂ၏

.

ပြည်တွင်း အိုးအိမ် စွန့်ခွာ ထွက်ပြေးခဲ့ကြရသူများ အတွက် လမ်းညွှန်မှုများ၊ စည်းမျဉ်း ၂၁(၃) တွင် ပြဋ္ဌာန်း ထားသည်ကို အသိအမှတ်ပြုရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။ ပဋိပက္ခကြောင့် အိုးအိမ် စွန့်ခွာ ထွက်ပြေးခဲ့ကြရသူများသည် ၎င်းတို့ ဒေသများတွင် ပြန်လည် နေထိုင်ပါက ၎င်းတို့၏ စားဝတ်နေရေးအတွက် စိုးရိမ် ပူပန်ကြမည်ကို အလေးပေး ပြောကြားချင်ပါသည်။ အိုးအိမ် စွန့်ခွာ ထွက်ပြေးနေကြရသူများ သည် ၎င်းတို့၏ ဒေသများတွင် ပြန်လည်နေထိုင်ပါက ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ပြန်လည် ရရှိရန်နှင့် ၎င်းတို့၏ လယ်ယာမြေများကို ပြန်လည် အသုံးပြုနိုင်ရန်နှင့် ထွက်ပြေးနေရစဉ်တွင်း ၎င်းတို့၏ လယ်ယာမြေများကို မည်သူမျှ အသုံးမပြုနိုင်စေရန် အစိုးရမှ ကော်မတီတစ်ခု ဖွဲ့စည်း၍ ဆောင်ရွက်ပါရန် AAPP မှ အစိုးရအား တိုက်တွန်း ပြောကြားချင်ပါသည်။ ထို့မျှသာမက ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ စည်းမျဉ်းများနှင့် လမ်းညွှန်းများဖြင့် ၎င်း၏ တာဝန်များကို လေးစား လိုက်နာရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။

- **မကွေးတိုင်း ဒေသကြီး**

ပခုက္ကူ-ကြံခင်းနှင့် မင်းဘူး-အမ်း ရထားလမ်းဖောက်လုပ်သည့် ဧရိယာအတွင်း ပါဝင်သွားခဲ့သော လယ်ယာမြေများ အတွက် လယ်သမားများကို လျော်ကြေး ပေးအပ်သွားမည်ဖြစ်ကြောင်း ဆယ်သွယ်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေး ဝန်ကြီး ဦးကျော်မျိုးမှ ပြောကြားခဲ့သည်။ မကွေးတိုင်း ဒေသကြီး၊ မင်းဘူးမြို့နယ်အတွင်းရှိ လယ်ယာမြေ ၂၂၉၂.၁၆ ဧကအတွက် လယ်သမားများသည် လျော်ကြေးငွေ ၃.၂၄ ဘီလီယံကျပ် ရရှိမည်ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေသဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့သည် ကန်ရေးကျေးရွာအုပ်အတွင်းရှိ လယ်ယာမြေများအတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခဲ့ကြပြီး ယခုနှစ်တွင်လည်း ထိခိုက်နစ်နာခဲ့သော ကျေးရွာ အုပ်စု လေးခုအတွက် လျော်ကြေး ပေးရန် ဆုံးဖြတ်သွားမည်ဖြစ်သည်။ ထိုတည်ဆောက်မှု လုပ်ငန်းကြောင့် လယ်ယာမြေများ ဆုံးရှုံးခဲ့ကြရသော လယ်သမားများအား လျော်ကြေးပေးသည့်အတွက် AAPP မှ အစိုးရအား ချီးမွမ်းပြီး မြန်ဆန်၍ မှန်ကန်သော လျော်ကြေးနှင့် အသက်ရှင် နေထိုင်ရန်နှင့် အလုပ်လုပ်ကိုင်ရန် လယ်ယာမြေများအပေါ် မှီခိုနေကြရသူများအတွက် စားဝတ်နေရေး ထိခိုက်မှု မရှိစေရန် ဒေသဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့မှ ကျန်ရှိနေသော ကျေးရွာအုပ်စု လေးစုအား အမြန်ဆုံး သုံးသပ်၍ လျော်ကြေးများ ပေးအပ်ပါရန် တိုက်တွန်းပါသည်။

- **ကရင်ပြည်နယ်**

ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းမှ လွန်းညှ တောင်ပေါ်သို့သွားသည့် လမ်းအား ဆက်လက် ပိတ်ဆို့ထားလျှင် လယ်သမားများအား အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အိန္ဒူ-ကော့ကရိတ် အဝေးပြေး လမ်းမကြီး တည်ဆောက်ရာတွင် လွန်းညှတောင်ပေါ်မှ ကျောက်များ ထုတ်ယူလျှက်ရှိပြီး ကျောက်သယ်ယာဉ်များ သွားလာမှုကြောင့် ထိုလမ်းမှာ လယ်ယာသုံးလမ်းအဖြစ် အသုံးပြုရန် ခက်ခဲလာသည့်အပြင် မိုးရာသီတွင် ရေလျှံမှုဖြစ်ပေါ်ကာ စပါးခင်းများ ပျက်စီးမှု၊ ရေများ ကျေးရွာအတွင်း ပြန်လည် ဝင်ရောက်မှုများ ဖြစ်ပေါ်နေခြင်းအတွက် လယ်သမားများမှ ထိုလမ်းအား ပိတ်ဆို့ခဲ့ခြင်းဖြစ်သည်။ လယ်သမား ၉၀၀ မှ ကျောက်သယ်ယာဉ်များကြောင့် လမ်းပျက်စီးမှု ဖြစ်ပေါ်သဖြင့် ကျောက်ထုတ်လုပ်ခြင်းကို ရပ်တန့်ရန် လက်မှတ်ရေးထိုး တောင်းဆိုခဲ့သော်လည်း အာဏာပိုင်များမှ တုံ့ပြန်ခြင်းမရှိခဲ့ပါ။ ၂၀၀၇ ခုနှစ်မှ စတင်ပြီး စီမံကိန်းအမျိုးမျိုးအတွက် လွန်းညှတောင်ပေါ်တွင် ကျောက်ထုတ်ယူခဲ့ကြသည်။ ကျောက်ထုတ်ယူခြင်း မပြုလုပ်မီ အာဏာပိုင်များမှ လယ်သမားများနှင့် တွေ့ဆုံဆွေးနွေးခြင်း မပြုလုပ်ခဲ့ပါ။ လယ်သမားများ၏ နေ့စဉ်ဘဝများကို ထိခိုက်လျှက်ရှိသည့် စီမံကိန်းများနှင့် ပတ်သက်၍ လယ်သမားများ၊ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းနှင့် တွေ့ဆုံဆွေးနွေးမှု မရှိခြင်းသည် စိတ်ပျက်ဖွယ်ရာဖြစ်သည်။ မည်သည့် အရေးယူ ဆောင်ရွက်မှုများ မပြုလုပ်မီ မြို့နယ် တာဝန်ရှိသူများနှင့် ဒေသခံများအကြား ဆွေးနွေးမှုများ ပြုလုပ်ပါရန် AAPP မှ တိုက်တွန်းပါသည်။

- **ရခိုင်ပြည်နယ်**

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ မြောက်ကြိမ်ကျေးရွာအုပ်စုမှ ဒေသခံ တောင်သူ ၄၀ ကျော်မှ ၎င်းတို့၏ သိမ်းဆည်းခံထားရသော လယ်ယာမြေဧက ၂၀၀ ကျော်ကို ပြန်လည် စွန့်လွှတ်ပေးရန်အတွက် လက်မှတ်ရေးထိုး တောင်းဆိုသည့် စာကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စီစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယ သမ္မတ ဦးဟန်နရီဗန်ထီးယူ ထံသို့ ပေးပို့ခဲ့သည်။ ၂၀၀၄ ခုနှစ်ခန့်တွင် အကျဉ်းဦးစီးဌာနမှ မြောက်ကြိမ်ကျေးရွာအုပ်စုရှိ လယ်ယာမြေဧက ၂၀၀ ကျော်ကို သိမ်းယူခဲ့ပြီး ပုစွန်ကန်လုပ်ငန်း၊ စပါးစိုက်လုပ်ငန်း၊ ဆားချက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အကျဉ်းဦးစီးဌာနမှ ထိုလုပ်ငန်းများ အားလုံးကို ရပ်ဆိုင်းခဲ့ပြီး လုပ်ငန်းရှင်တချို့ကို ယခုအချိန်အထိ ဆက်လက်ငှားရမ်းလုပ်ကိုင်စေခဲ့သည်ဟု လက်မှတ် ရေးထိုး တောင်းဆိုရာတွင်ပါဝင်သော ဒေသခံ တစ်ဦးဖြစ်သူ တောင်သူ ဦးရွှေသန်းမှ ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ဒေသခံ တောင်သူများသည် စားဝတ်နေရေး မပြေလည်သည့်အတွက် ထိုလယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရန် လက်မှတ် ရေးထိုး တောင်းဆို ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တွင် တပ်မတော်နှင့် သက်ဆိုင်ရာ ဌာနများမှ ၎င်းတို့ သိမ်းဆည်းခဲ့သည့် လယ်ယာမြေများကို ပြန်လည် စွန့်လွှတ်ခဲ့ပြီးဖြစ်သော်လည်း အမ်းမြို့နယ် မြေယာ ကော်မတီမှ လုပ်ဆောင်ပေးခြင်းမရှိသဖြင့် တောင်သူအများစုမှာ လယ်ယာမြေများ ပြန်လည် ရရှိခြင်းမရှိသေးပါ။ ထို့ကြောင့် စွန့်လွှတ်လယ်ယာမြေများ မူလပိုင်ရှင် တောင်သူများထံ ပြန်လည် ရရှိရေးအတွက် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ တောင်သူများသည် တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ် အစိုးရနှင့် လယ်ယာမြေ ပြန်လည်ရရှိရေးအတွက် ညှိနှိုင်းကာ တောင်းဆိုသွားမည်ဖြစ်သည်။ အမ်းမြို့နယ်တွင် ၁၉၉၀ ခုနှစ် နောက်ပိုင်းကတည်းက တောင်သူ သုံးရာကျော်ပိုင်ဆိုင်သော လယ်ယာမြေဧက တစ်သောင်းကျော်သည် သိမ်းဆည်းခြင်းခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် လယ်ယာမြေ သိမ်းဆည်းခဲ့သူများမှ လယ်ယာ မြေဧက ၁၆၀၀ ကျော်ကို ပြန်လည် စွန့်လွှတ်ပေးခဲ့ သော်လည်း မူလပိုင်ရှင် တချို့သာ ပြန်လည် ရရှိခဲ့ပြီး တောင်သူ အများစုမှာ မရရှိသေးကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။ လယ်ယာမြေ သိမ်းဆည်းခံရသည့်အတွက် လယ်သမားများသည် စားဝတ်နေရေး ကျပ်တည်းလျှက် ရှိသောကြောင့် လယ်ယာမြေများကို ပြန်လည် ရရှိလိုပြီး ထိုက်သင့်သော လျော်ကြေးလည်း ပြန်လည် ရရှိလိုလျှက် ရှိသည်။ တောင်သူများ အမ်းမြို့နယ် မြေယာကော်မတီ ဥက္ကဋ္ဌဖြစ်သူ၊ အမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်မှ တောင်သူများ စွန့်လွှတ်မြေများကို ပြန်လည် ရယူလိုကြောင်း လျှောက်ထားပါက မူလ တောင်သူများနှင့် လက်ရှိ တောင်သူများကို စစ်ဆေးကာ ပေးအပ်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR)၊ ပုဒ်မ ၆ တွင် ပြဌာန်းထားသည့်အတိုင်း AAPP မှ အစိုးရအား လယ်သမားများ၏ စားဝတ်နေရေးကို ပံ့ပိုးပေးရန်နှင့် အလုပ်လုပ်ကိုင်ခွင့်ကို ပံ့ပိုးပေးရန် တိုက်တွန်းပါသည်။ အကျဉ်းဦးစီးဌာနမှ လယ်ယာမြေများ သိမ်းဆည်းခြင်းသည် သင့်လျော်မှု မရှိပဲ အကျိုးစီးပွားအတွက် လယ်ယာ မြေများကို ငှားရမ်းမည့်အစား မူလ ပိုင်ရှင်များကို လယ်ယာမြေများ ပြန်ပေးအပ်ရမည်ဖြစ်သည်။ AAPP မှ လယ်ယာမြေ ကော်မတီအား လယ်သမားများ စိုက်ပျိုး လုပ်ကိုင်နိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်နိုင်ရန်အတွက် မူလပိုင်ရှင် လယ်သမားများအား လယ်ယာမြေများ ပြန်ပေးခြင်းကို ဦးစားပေးအဖြစ် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။

- **မန္တလေးတိုင်းဒေသကြီး**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မယ်ဥတောင် ကြီးပြင်ကာကွယ်တော အဖြစ်ပါဝင်သွားသည့် ဂန္ဓမာကျေးရွာအုပ်စုနှင့် အင်္ကျယ်ကျေးရွာအုပ်စုတို့ရှိ လယ်ယာမြေဧက ၂၀၀ ကျော်အား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် ဒေသခံများမှ  တောင်းဆိုလျှက်ရှိသည်။ အဆိုပါ ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများကို ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ ကွင်းဆင်းတိုင်တာကာ ၁၉၀၇ ခုနှစ်မှ စတင်၍ တောင်သူအမည်၊ ကွင်းအမှတ်၊

ဦးပိုင်အမှတ် ဧရိယာဧကများ သတ်မှတ်ပေးခဲ့ခြင်းကြောင့် ဘိုးဘွားစဉ်ဆက် စိုက်ပျိုးစားသောက်ခဲ့ကြရာ ယနေ့အချိန်ထိဖြစ်ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်၌ ထိုလယ်ယာမြေများကို မယ်ဥတောင်ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့၍ ဒေသခံများမှ လက်ခံခြင်းမရှိဘဲ ပြန်လည် ပယ်ဖျက်ပေးရန်အတွက် သက်ဆိုင်ရာ အဆင့်ဆင့်ကို တင်ပြတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ တင်ပြတောင်းဆိုခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး၊ ခရိုင်မြေစာရင်း ဦးစီးမှူး တို့ပါဝင်သည့် အဖွဲ့မှ လာရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဒေသခံများနှင့်တွေ့ဆုံ၍ သစ်တောမြေမှ ပြန်လည် ပယ်ဖျက်ပေးမည်ဟုဆိုကာ လက်မှတ်များ ကောက်ခံသွားခဲ့သော်လည်း ယခုအချိန်ထိ ဆောင်ရွက်ပေးခြင်းမရှိပါ။ လယ်ယာမြေများကို မယ်ဥတောင် ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အတွက် ဒေသခံတောင်သူများက လက်မှတ်များ ရေးထိုး၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဇန်နဝါရီလ ၂၃ ရက်နေ့၌ တင်ပြတောင်းဆိုသွားမည်ဖြစ်သည်။ မယ်ဥတောင်အတွက် ကြိုးပြင် ကာကွယ်တောရှိရန် လိုအပ်သော်လည်း AAPP မှ အစိုးရအား မယ်ဥတောင်အနီးရှိ လယ်သမားများ၏ လယ်ယာမြေများကို မတရား သိမ်းဆည်းခြင်း မပြုလုပ်ပါရန် အလေးပေး ပြောကြားချင်ပါသည်။ ထိုမျှသာမက နှင်ထုတ်ခြင်းနှင့် အိမ်ရာမဲ့ခြင်းတို့အပေါ် အခြေခံထားသော ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှုများတွင် ပြုမူဆောင်ရွက်မှုသည် လူ့အခွင့်အရေးနှင့် ကိုက်ညီမှု မရှိလျှင် နိုင်ငံတော်အစိုးရသည် လယ်ယာမြေ သိမ်းဆည်းခြင်းမှ ရှောင်ကြဉ်ရမည်ကို အစိုးရမှ လိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ထို့ပြင် ထိုလယ်ယာမြေများတွင် စိုက်ပျိုး ထွန်ယက်ခြင်းဖြင့် လယ်သမားများ၏ စားဝတ်နေရေးကို ကာကွယ်ရန် အစိုးရနှင့် လယ်သမားများကြား ဆွေးနွေးမှုများ ပြုလုပ်ပါရန် တိုက်တွန်းပါသည်။

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည် ညောင်ပင် ကျေးရွာနှင့် ရွှေစုကျေးရွာတို့မှ တောင်သူများ သည် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး သိမ်းဆည်းခံထားရသော လယ်ယာမြေများကို တစ်လအတွင်း ပြန်လည် စွန့်လွှတ်ခြင်းမရှိပါက ဝင်ရောက် ထွန်ယက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗဟို မီးသတ်သင်တန်းကျောင်းဖွင့်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် တောင်သူ ၂၈ ဦးပိုင်ဆိုင်သော လယ်ယာမြေ ၁၇၇.၃၁ ဧကကို လျော်ကြေး မပေးဘဲ သိမ်းဆည်းခဲ့သည်။ ထိုသို့ သိမ်းဆည်းခဲ့ပြီးသည့်နောက်ပိုင်းတွင် စစ်မှုထမ်းဟောင်း လေ့ကျင့်ရေး ကျောင်းမှ ထိုလယ်ယာ မြေများကို ပြန်လည် ရယူခဲ့သည်။ သိမ်းဆည်းထားသော လယ်ယာမြေများအနက်မှ လယ်ယာမြေဧက ၁၀၀ ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်းမြောင်းဝန်ကြီးမှ ပြန်လည် ပေးအပ်မည်ဟု ပြောကြားခဲ့သော်လည်း ယခုအချိန်ထိ ပြန်လည် ပေးအပ်ခြင်းမရှိပါ။ တောင်သူများသည် ထွန်ယက်စိုက်ပျိုးရန် မြေမရှိ၍ ကြုံရာ လုပ်ကိုင်စားသောက်နေရသည်မှာ အနှစ် နှစ်ဆယ်ကျော်ကြာပြီ ဖြစ်ကြောင်း မြေသိမ်းခံထားရသော တောင်သူ တစ်ဦးဖြစ်သူ ဦးခင်ဦးမှ ပြောကြားခဲ့သည်။ သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည် ရရှိရေးအတွက် ၂၀၁၂ ခုနှစ်ကတည်းက နိုင်ငံတော် သမ္မတအပါအဝင် ဝန်ကြီးဌာနအသီးသီးကို စာတင်ပြခဲ့သော်လည်း တစ်စုံတစ်ရာ ဖြေရှင်းပေးခြင်း မရှိခဲ့ပါ။ အစိုးရသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR)ကို လက်မှတ်ရေးထိုးပြီးသည့်အတွက် ထိုစာချုပ်တွင် ပါဝင်သော အခွင့်အရေးများကို အပြည့်အဝ သိရှိနားလည်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်။ အစိုးရ၏ ထောက်ပံ့မှုနှင့် တုံ့ပြန်မှု မရှိခြင်း သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR) ပုဒ်မ ၆ ကို ချိုးဖောက်ခြင်းဖြစ်ပြီး အစိုးရမှ လက်မှတ်ရေးထိုးခဲ့သည့်အတိုင်း မြန်ဆန်စွာ အကောင် အထည် ဖော်ရမည်ဖြစ်သည်။ ထိုမှသာ လယ်သမားများ ပြန်လည် စိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်သည်။

- **ပဲခူးတိုင်းအနောက်ခြမ်း**

ပဲခူးတိုင်းအနောက်ခြမ်း၊ နတ္တလင်းမြို့နယ်၊ ပဒတ်ကုန်းကျေးရွာအုပ်စု၊ ကွင်းသာကျေးရွာမှ တောင်သူလေးဦးသည် မြေစာရင်း ဦးစီးဌာနမှ မြေနေရာအတိအကျ တိုင်းတာပေးခြင်းမရှိသည့်အတွက် လက်ရှိအချိန်ထိ လယ်လုပ်ခွင့် ဆုံးရှုံးနေရသည်။ အစိုးရမှ ထိုလုပ်ငန်းစဉ်အား ဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ

သဘောတူ စာချုပ် (ICESCR) ပုဒ်မ ၆ နှင့် ပုဒ်မ ၁၁ တို့တွင် ပြဋ္ဌာန်းထားသော အလုပ် လုပ်ခွင့်၊ အိုးအိမ်နှင့် အစားအစာတို့ ပံ့ပိုးပေးရမည်ကို တိုက်ရိုက် ဆန့် ကျင်လျှက်ရှိသည်။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံတကာ စည်းမျဉ်းများကို လိုက်နာရန်နှင့် လယ်သမားများအတွက် လယ်ယာမြေများကို တိုင်းတာပေးခြင်းဖြင့် လယ်သမားများ ၎င်းတို့၏ လယ်ယာမြေများပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခွင့် ရရှိစေရန်အတွက် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။

- **ဧရာဝတီတိုင်းဒေသကြီး**

  ဧရာဝတီတိုင်း ဒေသကြီး၊ ငွေဆောင်မြို့တွင် ငွေဆောင် ဟိုတယ်ဇုန် စီမံကိန်းအတွက် သိမ်းဆည်းခံထားရသော မြေယာများအနက် အသုံးမပြုသော မြေယာများ ပြန်လည် ရရှိရန်နှင့် အသုံးပြုပြီးသော မြေယာများအတွက် ထိုက်တန်သော လျော်ကြေးရရှိရန် ဒေသခံ တောင်သူ ၇၀ ဦးခန့်မှ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ ၂၀၀၀ ခုနှစ် တွင် ဒေသခံ တောင်သူ ၂၄၈ ဦးထံမှ အုန်းခြံမြေ ၃၁၅ ဧကကို လျော်ကြေးမပေးဘဲ သိမ်းဆည်းခဲ့ပြီး ထိုမြေအတွင်းတွင် စိုက်ပျိုးထားသော အုန်းပင် တစ်ပင်အတွက် ၄၅၀၀ ကျပ်နှုန်းဖြင့် သီးနှံ လျော်ကြေးပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အစိုးရမှ ထိုမြေယာများကို မူလပိုင်ဆိုင်သော ဒေသခံ တောင်သူများထံ ပြန်လည် ပေးအပ်ရန် ညွှန်ကြားထားခဲ့သော်လည်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဟိုတယ်များ ဆက်လက်တည်ဆောက်လျက်ရှိကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ထို့ကြောင့် AAPP မှ အစိုးရအား လယ်ယာမြေ သိမ်းဆည်းခြင်း ခံခဲ့ရ၍ အခက်အခဲများ နှင့် ကြုံတွေ့နေကြရသော လယ်သမားများကို မှန်ကန်သော လျော်ကြေးနှင့် လယ်ယာမြေများကို ပြန်လည် ပေးအပ်ပါရန် တိုက်တွန်းပါသည်။

ဇန်နဝါရီလအစီရင်ခံစာတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း၊ လယ်သမားများ၏ လယ်ယာမြေအခွင့်အရေးများ ဆက်လက်ချိုးဖောက်ခံနေရခြင်းနှင့် နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေးများကို ကန့်သတ်ထားမှုများ ဆက်လက်ရှိနေခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများ၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ဖိနှိပ်ထားသော ဥပဒေများကို ပြန်လည် သုံးသပ်၍ ပြင်ဆင် ဖြည့်စွက်ခြင်းကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ထိုသို့ ပြင်ဆင်ဖြည့်စွက်ခြင်းအားဖြင့် အမျိုးသားငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုမျှသာမက အစိုးရအား လက်ကျန်နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံး လွှတ်ပေးရန်လည်း တိုက်တွန်းပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင်အတွင်းရေးမှူး +၆၆(၀) ၈၁၂၈၇၈၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉၆၂၈၇၁၃**
**အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈**

.